**သုံးသပ်ချက်**

**စီးပွားရေး** -စီးပွားရေးတွင်အမျိုးသားများသည် ဦးဆောင်နေပြီး အမျိုးသမီးများသည် စီးပွားရေးလုပ်သူ၊ ဦးဆောင်သူ အားနည်းနေသည်ကို တွေ့ရှိရပါသည်။ အကြောင်းမှာ မိရိုးဖလာအစဉ်အလာအရ အိမ်တွင်းရေးကိစ္စများကို ပြုလုပ်ရန်ဖြစ်သည်။

**လူမှုရေး** -အမျိုးသားများ၊အမျိုးသမီးများသည် တန်းတူညီတူပါဝင်ဆောင်ရွက်ကြသည်။

**ရပ်ရေးရွာရေး** -ယောကျ်ားလေးများသည် ဦးဆောင်ကြပါသည် မိန်းကလေးများသည်လည်း အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း**-အမျိုးသားများသည် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားသောလုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်မှုများပြီး အမျိုးသမီးများလည်း တစ်ခါတစ်ရံပါဝင်ဆောင်ရွက်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး** -အမျိုးသားများသည် ကာယဗလဖွံ့ဖြိုးတာနှင့် အညီ တက်ကြွစည်းရုံးစွာ ပါဝင် ဆောင်ရွက်ကြပါသည်။

**ပညာရေး** - အမျိုးသားများသည် ပညာတတ်များသည်။ အကြောင်းမှာအိမ်ထောင်ပြုသည့်အခါ လုပ်ကိုင်ကျွေးမွေးရသောကြောင့် ပညာတတ်အောင် သင်ကြပါသည်။ အမျိုးသမီးများသည် အိမ်ထောင်ပြုသည့်အခါ မှီခိုသောကြောင့် ပညာတတ်မြောက်ရန်သင်ယူမှုနည်းပါသည်။

**အိမ်မှုကိစ္စ** -အမျိုးသမီးများသည် ဦးဆောင်မှုများသည်။ အမျိုးသားများသည် ဝင်ငွေရရန် စီးပွားရှာသောကြောင့် အိမ်မှုကိစ္စများတွင် ဦးဆောင်မှုအားနည်းသည်။

**ဆုံးဖြတ်ပိုင်ခွင့်** - အမျိုးသားများသည် ဆုံးဖြတ်နိုင်ခွင့်များပြီ းအမျိုးသမီးများသည် ဆုံးဖြတ်နိုင်ခွင့် နည်းပါးပါသည်။အမျိုးသမီးများကိုမသက်ဆိုင်ဟုထင်၍မျက်ကွယ်ပြုထားသောကြောင ့်ဖြစ်ပါသ ည်။

ဆွေးနွေးချက်။
ဆုံးဖြတ်ချက်
သဘောတူညီချက်

။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးကောင်းနိုင်ဦး မှ လူထုဖွံ့ဖြိုး စီမံကိန်း အချက် (၁၅) ချက် မူဘောင်ကို ရှင်းပြသည်။ ကျေးရွာလူထုအား လူထုဖွံ့ဖြိုး စီမံကိန်း၏ အခြေခံမူများ၊ အကောင်အထည်ဖော်ပုံများ၊ ရလဒ်များ၊ ကျားမရေးရာ ကဏ္ဍ အမျိုးသမီး ရပ်ဆောင်ရည်မြှင့်တင်ခြင်းများ၊ ဝေဖန်အကြံပြု တိုင်ကြားရေး စနစ်များ၊ စီမံကိန်း လေးနှစ်ဖြစ်ကြောင်း၊ ကျေးရွာကော်မတီဝင်များ ဖွဲ့စည်းမည်ဖြစ်သည့်အတွက် ကော်မတီများ အကြောင်း၊ လူထုစည်းရုံးရေးမှူး လက်ထောက်နည်းပညာ မှူးများ၏ တာဝန်များ၊ ကျေးရွာအလိုက် လူဦးရေအလိုက် ထောက်ပံ့ငွေရရှိမည်ဖြစ်ကြောင်း၊ လည်ပတ်ထိန်းသိမ်းရေးရန်ပုံငွေများ၊ အကာအကွယ်များ အကြောင်း၊ စီမံကိန်းတွင် ပါဝင်ပတ်သက်သူ ကျေးရွာလူထု နှင့် ကော်မတီဝင်များ၏ လုပ်ဆောင်ပုံ နှင့် တာဝန်များအကြောင်း၊ မဖြစ်နိုင်သော မျှော်လင့်ချက်များများကို ပယ်ချသွားမည်ဖြစ်ကြောင်းကို အကျယ်တဝင့် စေ့စပ်သေချာစွာ ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထု နှင့် ဆွေးနွေးခြင်းများ ပြုလုပ်သွားခဲ့ပေသည်။

ဆွေးနွေးချက် ။
ဆုံးဖြတ်ချက်
သဘောတူညီချက်

။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးကောင်းနိုင်ဦး မှ လူထုဖွံ့ဖြိုးစီမံကိန်းသည် (၄) နှစ်ဖြစ်သည့်အတွက် စက်ဝန်း လေးခု ရှိကြောင်း ယခုသည် ပထမနှစ် ဖြစ်သည့်အတွက် ပထမစက်ဝန်း ဖြစ်ကြောင်းကို ရှင်းပြသည်။ ပထမစက်ဝန်းတွင် အပိုင်း (၆) ပိုင်း နှင့် အဆင့် (၁၄) ဆင့် ရှိကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့် ကို စေ့စပ်သေချာစွာ ရှင်းပြပေးသွားသည်။ ထို့နောက် စီမံကိန်းတွင် အဓိက တာဝန်ရှိသူများ နှင့် တာဝန်ဝတ္တရားများ အကြောင်းကိုလည်း ထပ်မံ၍ ရှင်းပြပေးသွားခဲ့သည်။ အဓိက တာဝန်ရှိသူများ တင်ပြဆွေးနွေးသည့်အခါတွင် ကျေးရွာလူထုက အဓိကတာဝန်ရှိကြောင်း ပါဝင်ပူပေါင်းသင့်ကြောင်းကို နှိုးဆော်အသိပေးသွားခဲ့သည်။

ဆွေးနွေးချက် ။ ။ (၆) ကျေးရွာရေး (၇) ရေတွင်းရေကန်တူးဖော်ခြင်း (၈) မီးကုန်လမ်း (၉) ဘောလုံးကွင်း (၁၀) လမ်းမီးရရှိရေး (၁၁) သောက်ရေကန်ပြုပြင်ရန် (၁၂) ကျောင်းပြုပြင်ရန် (၁၃) ဘိုးဘွားရိပ်သာ (၁၄) သာသနာရေး စေတီ (၁၅) အလှူမဏ္ဍပ်/အလှူ ရုံ ... တို့ကို လူထုနှင့် ... စီမံကိန်းလုပ်ငန်းများအဖြစ် သတ်မှတ်ရွေးချယ်ပေးခဲ့သည်။

ဆွေးနွေးချက် ။ ။ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းလုပ်ငန်းများ ထွက်ရှိပြီးဖြစ်သည့်အတွက် ထိုလုပ်ငန်းများကို ဦးဆောင်ကြီးကြပ်သွားရန် လုပ်ဆောင်မည့် ကော်မတီဖွဲ့စည်းရမည် ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် ကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ခေါင်းရန်၊ ... များ ... တင်ပြပြီး ကော်မတီဝင်ရွေးချယ်မည့်သူများအား အဆိုပြုရွေးချယ်စေခဲ့သည်။ ကော်မတီဝင်များကို အဆိုပြုရွေးချယ်ရာ ကျေးရွာစီမံကော်မတီ ခေါင်းဆောင် အဖြစ် ဦးမျိုးမြင့်၊ ဒေါ်ငွေးမြင့်၊ လူဝင်မှုစိစစ်ရေး ကော်မတီ အဖြစ် ဦးတင်ယု၊ ဒေါ်ခင်မိုးမြင့်၊ ဒေါ်လှတင်၊ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင် အဖြစ် ဦးအောင်ကျော်မင်း၊ ဒေါ်အေးမြမေ၊ ဒေါ်ဝင်းမြင့်၊ ပစ္စည်းဝယ်ယူရေး ဆပ်ကော်မတီ အဖြစ် ဦးအေးဟန်၊ ဦးမိုးမြင့်၊ ဒေါ်မြ သန္တာဝင်း၊ ပေးဆပ်ချက်ပြုလုပ်ရေး ... အဖွဲ့အဖြစ် ဦးခင်အောင်၊ ဒေါ်အေးမိ၊ ဒေါ်နု၊ ကျေးရွာစာရင်းကိုင် အဖြစ် ဦးထွန်းဦး တို့က ကျေးရွာအဆင့်ကော်မတီဝင်များ အဖြစ် ရွေးချယ်သွားသည်။ ကျေးရွာအုပ်ချုပ်ရေးကော်မတီတွင် အုပ်ချုပ်စီမံကိန်း ဥက္ကဋ္ဌ အဖြစ် ဦးမျိုးမြင့်ဦး၊ ဒေါ်သိတာ၊ ဘဏ္ဍာရေး ဆပ်ကော်မတီဝင် အဖြစ် ဒေါ်ငွေးမြင့်၊ ဒေါ်စန္ဒာအောင်၊ ဦးအေးကြူ၊ အုပ်ချုပ်ကော်မတီဝင် အဖြစ် ဦးဝင်းဇိုင်၊ ဦးဝေမြင့်၊ ဒေါ်စိမ်းစိမ်းမာ တို့ဖြစ်ကြသည်။ ကော်မတီဝင်များကို ပွင့်လင်းမြင်သာစွာဖြင့် လူထုကိုယ်တိုင် ရွေးချယ်သွားသည်။ ဦးထက်နိုင်ဦးမှ ကျေးရွာလူထုအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆုံးဖြတ်ချက်

သဘောတူညီချက်

မှတ်တမ်းတင်သူ

(လက်မှတ်)

ဦးထက်နိုင်ဦး

လူထုရှေ့ဆောင် ...

